# THE HANGAR လို့ အမည်ရတဲ့ ဈေးရုံအသစ်နဲ့ ကားမှတ်တိုင်ကို မိတ်ဆက်ခြင်း

လေးစားအပ်ပါသော အိမ်ရာဝင်းနေ လူကြီးမင်းများ ခင်ဗျာ/ရှင့်

လက်ရှိ ပြည်တွင်းမှာ COVID-19 ရောဂါ ကူးစက်မှုမြင့်တက်လျက်ရှိတာမို့ ဒီရက်ပိုင်းအတွင်း ကျွန်ုပ်တို့အားလုံး စိတ်မကြည်မသာ ဖြစ်နေကြမှာ အသေအချာပါပဲ။ ဒါ့ကြောင့်မို့လို့ ကြယ်စင်အိမ်ရာဝင်းအတွင်းမှာ နေထိုင်နေကြတဲ့ လူကြီးမင်းတို့အတွက် ဈေးရုံအသစ်ကြီးနဲ့ အများသုံးယာဉ် ရပ်နားနိုင်မယ့် ကားမှတ်တိုင်သစ်ကြီးကို ဖော်ဆောင်နေပြီ ဆိုတဲ့အကြောင်း အသိပေးအကြောင်းကြားရင်း စိတ်အပြောင်းအလဲလေးဖြစ်ပါစေကြောင်း ဆန္ဒပြုပေးလိုက်ရပါတယ်။ The Hangar လို့အမည်ရတဲ့ ဈေးရုံအသစ်နဲ့ကားမှတ်တိုင်ကို မိတ်ဆက်ခြင်း ကြယ်စင်မြို့တော်အိမ်ရာအတွင်းမှာ ဟင်းသီးဟင်းရွက်၊သစ်သီးဝလံနဲ့ အသား၊ ငါးတွေကို အလွယ်တကူဝယ်ယူနိုင်မယ့် The Hangar လို့အမည်ရတဲ့ လေယာဉ်သိုလှောင်ရုံ ဒီဇိုင်းပုံစံ ဈေးရုံအသစ်ကြီးနဲ့ ရန်ကုန်မြို့တွင်းနဲ့ ချိတ်ဆက်ပေးမယ့် အများသုံးသယ်ယူပို့ဆောင်ရေးယာဉ် အဆင်ပြေစွာ ပြေးဆွဲရပ်နားနိုင်မယ့် ကားမှတ်တိုင် အကြောင်းတို့ကို မိတ်ဆက်ပေးချင်ပါတယ်။




**Yoma Land** စီမံအုပ်ချုပ်ရေးအဖွဲ့အနေနဲ့ အိမ်ရာဝင်းအတွင်း အများသူငါ စီးနင်းလိုက်ပါနိုင်မယ့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဖြစ်နိုင်ခြေ ရှိ၊ မရှိ သိရှိနိုင်ဖို့ အသေးစိတ် စစ်တမ်းကောက်ယူမှုတွေနဲ့ လေ့လာမှုတွေကို ပြုလုပ်ခဲ့ပြီးတဲ့နောက် သွားရေး၊ လာရေး ပိုမိုလွယ်ကူအဆင်ပြေအောင်ဆောင်ရွက်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ကြယ်စင်မြို့တော်အိမ်ရာရဲ့ မဟာမြို့ပြစီမံကိန်းကို ပြန်လည်လေ့လာသုံးသပ်ကြည့်တဲ့အခါမှာလည်း အိမ်ရာမှာနေထိုင်သူတွေအနေနဲ့ မြို့ပြအင်္ဂါရပ်နဲ့အညီ ရေရှည်သာယာဝပြောပြီး စည်ကားသိုက်မြိုက်စွာ နေထိုင်သွားနိုင်ဖို့အတွက် လိုအပ်ချက်တစ်ခုဖြစ်တဲ့ စားသောက်ဆိုင်တွေ၊ စုပေါင်းရောင်းချနိုင်မယ့် “Food Court” လို့ခေါ်တဲ့စားသောက်ဆိုင်တန်းနဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနဲ့အသား၊ ငါးတွေ အလွယ်တကူ အမြဲဝယ်ယူနိုင်မယ့် ဈေးရုံကြီးတစ်ခု အမှန်တကယ်လိုအပ်နေတယ်ဆိုတာကို လေ့လာဆန်းစစ်တွေ့ရှိခဲ့ပါတယ်။

ဒါကြောင့်ပဲ Yoma Land ရဲ့ ဒီဇိုင်နာတွေအနေနဲ့ သူတို့ရဲ့ ပုံဆွဲစာအုပ်တွေဆီ အပြေးအလွှားသွားကြသလို ရင်နှီးမြှုပ်နှံမှုတွေအတွက် လေ့လာဆန်းစစ်ပေးရတဲ့သူတွေအနေနဲ့လည်း သူတို့ရဲ့ပေသီးတွေ (တကယ်တော့ သူတို့ရဲ့ ချစ်စဖွယ် Excels Sheets လေးတွေနေမှာပါ)ကို ထုတ်ပြီး ခေါက်ကြလို့အပြီးမှာတော့ စိတ်ကူးတွေကို လက်တွေ့အကောင်အထည်ဖော်ခဲ့နိုင်ပါပြီ။ အခုလို ကြယ်စင်အိမ်ရာဝင်းအတွင်း နေထိုင်ကြတဲ့ လူကြီးမင်းတို့အကြိုက် လှုပ်ရှားသက်ဝင်နေမယ့် ဈေးရုံသစ်ကြီး၊ စားသောက်ဆိုင်တန်းတို့နဲ့အတူ ပျားပန်းခတ် စည်ကားတော့မယ့် အများသုံးယာဉ် ရပ်နားနိုင်မယ့်သူ့ရဲ့ အပြင်ပန်း ပုံပန်းသဏ္ဌာန်ကလည်း တကယ့်ကို လေယာဉ်သိုလှောင်ရုံပုံစံမျိုး ဖန်တီးထားတာပါ။

ဒါပေမယ့်လည်း အတွင်းပိုင်းဒီဇိုင်းကတော့ အမြင်အရရော ခံစားမှုအရပါ လေယာဉ်သိုလှောင်ရုံနဲ့ လားလားမှ မတူအောင် ပြင်ဆင်ပေးထားပါတယ်။ The Hangar ထဲမှာ ဘာတွေပါမလဲဆိုရင် လတ်ဆတ်တဲ့ အသားငါး ပုစွန်တွေနဲ့ ဒေသထွက်ကုန်တွေ ပါမှာဖြစ်ပါတယ်။ နောက်ပြီး ကုန်ခြောက်အရောင်းဆိုင်တွေနဲ့ မီးဖိုချောင်သုံးပစ္စည်းတွေလည်း ပါရှိပါဦးမယ်။ ဈေးရုံသစ်ကြီးမှာ အသားငါးနဲ့ ပင်လယ်စာတွေ ရွေးချယ်ဝယ်ယူလို့ ပြီးပြီဆိုရင်တော့ ဒေသထွက် မနက်စာတွေကို စိတ်ကြိုက်ရွေးပြီး စားလို့ရမယ့် စားသောက်ဆိုင်တန်းအသေးလေး (mini food court) လေးမှာလည်း မနက်စာအဆာပြေသုံးဆောင်ရင်း အနားယူနိုင်ပါသေးတယ်။

ကားမှတ်တိုင်အသစ်ကြီးမှာဆိုရင် ရန်ကုန်မြို့တွင်းနဲ့ သီလဝါကို ပြေးဆွဲမယ့် ဘတ်စ်ကားလာရောက် ရပ်နားမှာ ဖြစ်ပါတယ်။ အခုလို အိမ်ရာဝင်းအတွင်းမှာ လမ်းပန်းဆက်သွယ်ရေး တိုးတက် ကောင်းမွန်လာတာဟာ အိမ်ရာမှာနေထိုင်တဲ့သူတွေအတွက် နေလို့ပိုအဆင်ပြေလာမှာ ဖြစ်သလို အိမ်ရာအတွင်းမှာရှိတဲ့ အိမ်ခြံမြေ တန်ဖိုးတွေကလည်း မြင့်တက်လာမှာပါ။ ကျွန်ုပ်တို့ရဲ့ ဆောက်လုပ်ရေးစီမံကိန်းအဖွဲ့အနေနဲ့လည်း ၂၀၂၀ အကုန်မှာ အိမ်ရာနေ လူကြီးမင်းတို့ဆီကို ဈေးရုံသစ်ကြီးကို အပ်နှံနိုင်ဖို့ မမောနိုင်မပန်းနိုင်ကြိုးစားလုပ်ဆောင်နေကြပါတယ်။ ဒါပြီးတဲ့နောက်မှာတော့ ကားမှတ်တိုင်အသစ်ကိုလည်း ကြိုးစားတည်ဆောက်သွားမှာဖြစ်တဲ့အတွက် ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ စောင့်မျှော်ပေးကြဖို့ မေတ္တာရပ်ခံလိုက်ပါတယ်။

လူကြီးမင်းတို့ကိုလည်း သတိဝီရိယရှိရှိနဲ့ ဆက်လက်နေထိုင်သွားနိုင်ကြပါစေလို့ ဆန္ဒပြုရင်းမျက်နှာဖုံး (နှာခေါင်းစည်း) တွေ အောက်ကနေ အပြုံးပန်းတွေ ဆင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ရပါတယ်။

#StaysafeStayHome #StarCityOurHome



# NEW NORMAL LIFESTYLE ဖြင့် ယှဉ်တွဲနေထိုင်ခြင်း



## လွန်ဆန်မရသော ပကတိအမှန်တရား


လက်ရှိအချိန်မှာ မြန်မာနိုင်ငံအတွင်း COVID - 19 ရောဂါ ကူးစက်ပျံ့ပွားမှုနှုန်းဟာ တဟုန်ထိုးမြင့်တက်လာတာကြောင့် ကျွန်ုပ်တို့အနေနဲ့ "New Normal" လို့ခေါ်တဲ့ နေထိုင်မှုပုံစံအသစ်ကို လက်ခံပြီး မဖြစ်မနေ နေထိုင်သွားကြရမှာဖြစ်ပါတယ်။ ဒီဆောင်းပါးကို ရေးနေချိန်မှာတောင် ယခုလို ထူခြားတဲ့ နေထိုင်မှုပုံစံအသစ်မှာ လိုက်လျောညီထွေမှုဖြစ်အောင် လက်ရှိ နေထိုင်မှုပုံစံကို ဘယ်လောက်ထိ ပြောင်းလဲနေထိုင်ရမလဲဆိုတဲ့ အတွေးကလည်း ဝင်လာပါတယ်။ ကျွန်ုပ်တို့လူသားတွေဟာ လောကသဘာဝအရ ပတ်ဝန်းကျင်နဲ့ မဖြစ်မနေ ထိတွေ့ဆက်ဆံနေကြရသလို တစ်ယောက်နဲ့တစ်ယောက်တွေ့ပြီး မျက်နှာချင်းဆိုင် စကားပြောတာကစလို့ ကိုယ့်ကိုယ်ကိုယ် လူသားဆန်တယ်လို့ ခံစားရစေတဲ့ အပြုအမူတွေကို လုပ်ကြတာမျိုးအထိ လူလူချင်း ထိတွေ့ဆက်ဆံရတာမျိုးကို တကယ်ပဲ ကြိုက်နှစ်သက်ကြပါတယ်။ ဒီလိုမျိုး လူသားဆန်မှုတွေကို ကျွန်ုပ်တို့ဆီက အပိုင်သိမ်းသွားတဲ့ "New Normal" ဆိုတဲ့ နေထိုင်မှုပုံစံအသစ်ကို ဘယ်လိုအကောင်းမြင်စိတ်မျိုးနဲ့ ရှုမြင်ရမလဲဆိုတာလည်း တွေးတောနေမိပါတယ်။

Coronavirus ဟာ ဖြစ်လာနိုင်ချေရှိတဲ့ မသေချာမရေရာမှုတွေ အဆုံးသတ်ဖို့အတွက် "New Normal" ဆိုတဲ့ ဘာသာစကားတခုကို ကျွန်ုပ်တို့ရဲ့ ဘဝထဲကို ဖွတ်အတင်းသွတ်သွင်းပြီး လမ်းပြလျက် ရှိပါတယ်။ "New Normal" က အပြောင်းအလဲနဲ့ နေသားတကျဖြစ်ဖို့ လမ်းပြပေးပေမယ့် ကျွန်ုပ်တို့လူသားတွေအနေနဲ့ကတော့ အပြောင်းအလဲလုပ်ရတာ သိပ်သဘောမကျလှပါဘူး။ အားလုံးကိုခြုံပြီးတွေးကြည့်ရင်တော့ ကမ္ဘာ့အနှံ့ဖြစ်တဲ့ ကပ်ရောဂါဆိုတာ အထူးအဆန်းတော့ မဟုတ်ပါဘူး။ ဟိုးရှေးရှေးတုန်းကတည်းက ကပ်ရောဂါပေါင်းများစွာကို ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ဖူးပြီး အောင်မြင်စွာလည်း ဖြတ်ကျော်ခဲ့ဖူးပါတယ်။ အရင်တုန်းကလည်း ကြိုမမြင်နိုင်ခဲ့တဲ့ အရေးပေါ်အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရဖူးပြီး ကျွန်ုပ်တို့အနေနဲ့ အတွေ့အကြုံကောင်းတွေနဲ့ နည်းလမ်းအသစ်တွေ တွေ့ခဲ့ကြတာချည်းပါပဲ။ ဒါကြောင့်မို့ အခုတခေါက်မှာလည်း ဒီအတားအဆီးကို သေချာပေါက် ကျော်လွှန်နိုင်မယ်ဆိုတာ သံသယဝင်စရာ မလိုပါဘူး။ ပြည်သူတွေရဲ့ ကျန်းမာရေးအပေါ် စိန်ခေါ်မှုတွေရှိပေမယ့် ကျွန်ုပ်တို့မှာ ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေရှိပါတယ်။

“New Normal” ဆိုတာ ပြောင်းလဲသွားတဲ့ ကမ္ဘာကြီးကို အကဲဖြတ်တဲ့ မှန်ဘီလူးတွေ မဖြစ်သင့်ပါဘူး။ ကျွန်ုပ်တို့အနေနဲ့ အကောင်းမြင်စိတ်နဲ့ဆက်လက် ရှင်သန်နေထိုင်ကြရမှာဖြစ်ပြီးနေ့စဉ်ဘဝမှာခပ်ခွာခွာနေထိုင်တာမျိုး၊ မဖြစ်မနေ mask တပ်တာမျိုး၊ တစ်ကိုယ်ရည်သန့်ရှင်းမှု ဂရုစိုက်တာမျိုး၊ အာဟာရပြည့်ပြည့်ဝဝစားသောက်တာမျိုး၊ ကောင်းကောင်းအိပ်ပြီး ကောင်းကောင်းနားတာမျိုးကို မဖြစ်မနေ လုပ်ကြရမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ COVID-19 ဟာ ကာကွယ်ဆေး မပေါ်သေးသ၍ လပေါင်းများစွာ ဒါမှမဟုတ် နှစ်အတန်ကြာတဲ့အထိ ရှိနေဦးမှာမို့လို့ပါပဲ။ ကူးစက်ပြန့်နှံ့မှုတွေက ကျွန်ုပ်တို့ နေထိုင်ရာ ပတ်ဝန်းကျင်နဲ့ နီးကပ်လာတာမျိုး၊ မိသားစုဝင်အချို့က ရောဂါပိုးရှိသူနဲ့ အထိအတွေ့ ရှိထားတာမျိုး၊ အကြီးအကျယ် ရောဂါဖြစ်ပွားနေတဲ့ နေရာမှာ နေထိုင်နေရတာမျိုးက အချိန်မရွေးဖြစ်လာနိုင်တဲ့အတွက် ကျွန်ုပ်တို့ဟာ အချိန်ပြည့် ထိတ်လန့်စိုးရွံ့နေရပြီး ကျွန်ုပ်တို့ရဲ့ နိစ္စဒူဝကိစ္စတွေမှာ အနှောက်အယှက်ဖြစ်တာမျိုးကြုံတွေ့ရမှာကတော့ မလွဲဧကန်ပါပဲ။ ဒါတွေကတော့ ကျွန်ုပ်တို့ရင်ဆိုင်ရမယ့် အခြေအနေတွေဖြစ်ပြီး ကိုယ့်ကိုယ်

ကိုယ့်ကိုယ်ကိုယ်ပြန်မေးသင့်တာကတော့ ဒီအခြေနေတွေကြောင့် ကိုယ်ပိုင်ဘဝတွေ၊ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းနဲ့ ဘဝရည်မှန်းချက်တွေကိုအထိခိုက်ခံမှာလားဆိုတာပါပဲ။ COVID-19 ရောဂါဟာ အချိန်အတော်ကြာတဲ့အထိ ရှိနေဦးမှာပဲဆိုတာကို စိတ်မှာထားပြီး "New Normal Lifestyle" မှာ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်တွေ ရှင်သန်နေထိုင်မှုတွေကို အထိခိုက်မခံဘဲ ရှေ့ဆက်သွားဖို့လိုအပ်ပါတယ်။ COVID-19 ရောဂါပျံ့နှံ့နေတဲ့အချိန်မှာ နေ့စဉ်ဘဝမှာခပ်ခွာခွာနေထိုင်တာမျိုး၊ Mask တပ်တာမျိုး၊ မကြာခဏလက်ဆေးတာမျိုးစတဲ့ အလေ့အကျင့်တို့ကို တတ်နိုင်သမျှ မမေ့လျော့ပဲ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အကယ်၍ အဓိက ကာကွယ်ရေးနည်းလမ်းတွေကို မလိုက်နာဘူးဆိုရင် COVID-19 ရဲ့ကြီးကြီးမားမားရိုက်ခတ်တဲ့ဒဏ်က ရောက်လာဦးမှာပါ။


ကျွန်ုပ်တို့ရဲ့ လူမှုအသိုင်းအဝန်းအားလုံး ဘေးကင်းလုံခြုံဖို့ ပြီးခဲ့တဲ့လတွေကတည်းက ကျွန်ုပ်တို့ အများကြီး စတေးခဲ့ပြီးပါပြီ။ ယခုအခါမှာလည်း ကျန်းမာရေးဆိုင်ရာအကြံပေးချက်တွေကို လိုက်နာပြီး ကြိုတင်ကာကွယ်မှုတွေ ဆက်လက်လုပ်ဆောင်ဖို့ အလွန်အရေးကြီးပါတယ်။



- လက်ကို မကြာခဏဆေးပါ
- နှာချေ ချောင်းဆိုးတိုင်း တစ်ခုခုနဲ့အုပ်ပြီးဆိုးပါ
- မသန့်ရှင်းတဲ့လက်နဲ့ မျက်နှာကို ကိုင်တွယ်တာမျိုးမလုပ်ပါနဲ့
- လူထူတဲ့နေရာတွေ သွားလာခြင်းကနေရှောင်ပါ။
- နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ
- နေထိုင်မကောင်းဖြစ်ပါက တစ်ဦးတည်းသီးခြားခွဲ နေထိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူသင့်ပါတယ်။

ဘယ်နေရာပဲရောက်ရောက် ရောဂါပိုး ပျံ့နှံ့ခြင်းကို မိမိကစ ကာကွယ်ပြီး ကိုယ်ကိုယ်တိုင်နဲ့ ကိုယ့်ပတ်ဝန်းကျင်ကိုစောင့်ရှောက်နိုင်တာကို သတိရပေးပါ။ ဒါက နေထိုင်မှုပုံစံအသစ်ဖြစ်သွားတာလည်း မဟုတ်ပါဘူး။ ကပ်ရောဂါတွေလည်း အရင်ကကြုံခဲ့ဖူးပြီးသားဖြစ်တဲ့အတွက်ဝီရိယနဲ့နေခြင်းဖြင့် အနိုင်ယူရမှာဖြစ်ပါတယ်။


ဒီကပ်ရောဂါဆိုးဟာ သမိုင်းကို ပြန်မြင်ယောင်ကြည့်ဖို့ ကျွန်ုပ်တို့ကိုပေးတဲ့ အခွင့်အရေးတစ်ခုပါပဲ။ အကောင်းမြင်စိတ်နဲ့ဘေးကင်းစွာရှင်သန်နေထိုင်ကြဖို့ အားလုံးကိုတိုက်တွန်း လိုက်ရပါတယ်။



**CREDIT:**
https://www.weforum.org/agenda/2020/06/theres-nothing-new-about-this-new-normal-heres-why/

https://www.who.int/westernpacific/emergencies/covid-19/information/covid-19-new-normal

---



# JETTY PROGRESS

ကြယ်စင်မြို့တော်အိမ်ရာရဲ့ နောက်ထပ်စီမံကိန်းသစ်တစ်ခုဖြစ်တဲ့ ဆိပ်ခံတံတားဆောက်လုပ်မှုအခြေအနေ

လေးစားအပ်ပါသော အိမ်ရာဝင်းအတွင်းနေလူကြီးမင်းများခင်ဗျာ/ ရှင်...
ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဖွန်လပန္ဒက်တင် မင်္ဂလာအခမ်းအနား ပြုလုပ်တဲ့ အချိန်ကစလို့ ယခုအချိန်ထိဆောက်လုပ်နေဆဲဖြစ်ပြီး တိုးတက်မှုအခြေနေကိုမြင်တွေ့ကြရမှာဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းဟာ ရေထဲမှာ တည်ဆောက်ရခြင်း ဖြစ်တဲ့အတွက် အခက်အခဲများစွာ ကြုံတွေ့ကြရပါတယ်။ ဒါ့အပြင် ပဲခူးမြစ်ဟာဆိုရင် ရေမိုင် (၆)မိုင် ကနေ (၇) မိုင်ခန့်အထိစီးဆင်းနေတဲ့ ဒီရေအကြာ (၂) မီတာအမြင့် အထိ အတက်အကျရှိတတ်ပြီး၊ ကနဦး ဆောက်လုပ်ရေးအဆင့်တွေထက် ပိုမိုခက်ခဲစွာ တည်ဆောက်နေရပါတယ်။

ဆိပ်ခံတံတားကို ၂၀၂၁ သင်္ကြန် မတိုင်ခင် အချိန်မီပြီးစီးနိုင်ဖို့အတွက် အင်ဂျင်နီယာများနဲ့ အလုပ်သမားဦးရေ စုစုပေါင်း (၆၀) ခန့်ပါဝင်တဲ့ ကျွန်ုပ်တို့ရဲ့စီမံကိန်း အဖွဲ့က ကြိုးကြိုးစားစားနဲ့ နေ့စဉ် တည်ဆောက်လျက်ရှိပါတယ်။

ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်းနေ လူကြီးမင်းများကို ယခုဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းနဲ့ ပတ်သက်တဲ့ နောက်ဆုံးရသတင်းတွေ၊ ဒါ့အပြင် မကြာမီကာလတွေမှာ စတင်တော့မယ့် Jetty ပြေးဆွဲမယ့် လမ်းကြောင်းများနဲ့ လက်မှတ်ရောင်းချပေးခြင်းအစီစဉ်တွေကိုလည်း ဆက်လက် တင်ဆက်ပေးသွားမှာ ဖြစ်ပါတယ်။

အသစ်သစ်တွေ၊ စိတ်လှုပ်ရှားစရာအစီအစဉ်တွေနဲ့ အမြဲပြည့်စုံနေတဲ့ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်း အတူတူပျော်ရွှင်စွာ နေထိုင်ကြပါစို့။

#StarCityOurHome

# PROPERTIES OF THE MONTH

## CITY LOFT အိမ်ခန်းများနှင့် မိတ်ဆက်ခြင်း

City Loft ဆိုတာကတော့ ကိုယ်ပိုင်ဝင်ငွေနဲ့ ပထမဦးဆုံး အိမ်ဝယ်ချင်နေတဲ့ လူငယ်လူရွယ်တွေအတွက် ရည်စူးထားတဲ့ မြို့ပြရဲ့ အငွေ့အသက်တွေ ပြည့်နက်နေတဲ့ ခေတ်သစ် အိမ်ရာစီမံကိန်း တစ်ခုပဲ ဖြစ်ပါတယ်။ City Loft စီမံကိန်းကို မြေ ၁၄ ဧကပေါ်မှာ ဖွံ့ဖြိုးဆောင်ရွက်ထားတာဖြစ်ပြီး စုစုပေါင်း Tower (၁၁) လုံး တည်ဆောက်သွားမှာဖြစ်ပါတယ်။

City Loft အိမ်ရာစီမံကိန်း ပေါ်ပေါက်လာခြင်းက ကြယ်စင်မြို့တော် အိမ်ရာအတွက် အားသစ်အင်သစ် တွေ ယူဆောင်ပေးလာတယ် ဆိုလည်း မမှားပါဘူး။ City Loft အိမ်ရာစီမံကိန်းနဲ့အတူ အသစ်သစ်သော ဝန်ဆောင်မှုတွေဖြစ်တဲ့ စူပါမားကတ်၊ အသား၊ ငါးနဲ့ သစ်သီးဝလံတွေကို လတ်လတ်ဆတ်ဆတ်ဝယ်ယူနိုင်မယ့် ဈေးရုံအသစ်ကြီးနဲ့ ကားမှတ်တိုင်အသစ်ကြီးက လက်ရှိ ကြယ်စင်မြို့တော်အိမ်ရာမှာ နေနေကြတဲ့ လူကြီးမင်းတို့အတွက် ပိုမိုသာယာအဆင်ပြေတဲ့ အတွေ့အကြုံတွေကို သယ်ဆောင် လာမှာပါ။


### STUDIO UNIT (ST)



312 SQ.FT

Starting From 500 Lakh

### 1 BEDROOM UNIT (T1)



484 SQ.FT

Starting From 800 Lakh

### 2 BEDROOM UNIT (T2)



710 SQ.FT

Starting From 1200 Lakh

### 3 BEDROOM UNIT A (T3A)




850 SQ.FT

Starting From 1600 Lakh

City Loft အိမ်ရာစီမံကိန်းမှာဆိုရင် တစ်ယောက်တည်းသီးသန့်နေချင်သူတွေ အတွက် Studio Room Type ကနေစလို့ မိသားစုသိုက်သိုက်ဝန်းဝန်းနေလို့ရတဲ့ Three Bedroom Type အထိ ကိုယ်နဲ့ကိုက်ညီတဲ့ အခန်းအမျိုးအစားကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပြီး အခန်းဈေးနှုန်းတွေကလည်း သိန်း ၅၀၀ ဝန်းကျင်ကစပြီး သိန်း ၁၆၀၀ ဝန်းကျင်အထိ အလွှာနဲ့တာဝါအပေါ် မူတည်ပြီး အစားစား ရှိပါတယ်။ဒါ့အပြင် ကြယ်စင်အိမ်ရာဝင်းအတွင်းနေလူကြီးမင်းတို့က နီးစပ်ရာသူငယ်ချင်းတွေကို City Loft အိမ်ခန်းတွေဝယ်ယူဖြစ်အောင် ညွှန်ပေးတယ်ဆိုရင်တော့ Referral Fee 1% ကိုရရှိမှာဖြစ်တဲ့အတွက် သာယာလှပပြီးပြည့်စုံတဲ့ ကြယ်စင်အိမ်ရာဝင်းအတွင်း ချစ်ခင်ရတဲ့သူငယ်ချင်းတွေနဲ့ အိမ်နီးချင်းဖြစ်ပြီး အတူတူပျော်ရွှင်တဲ့နေ့ရက်တွေဖန်တီးကြဖို့ အခုပဲဖိတ်ခေါ်လိုက်ကြရအောင်နော်။

City Loft အိမ်ရာအကြောင်း အသေးစိတ်ကို cityloftsales@yomaland.com (သို့) ၀၉ ၇၇၇ ၂၂၃၃၅၅၊ ၀၉ ၇၇၇ ၂၂၃၃၆၆၊ ၀၉ ၇၇၇ ၂၂၃၃၇၇ တို့ကိုဆက်သွယ်မေးမြန်းနိုင်ပါတယ်။






STARCITY

# PROPERTIES OF THE MONTH
## UNIT NUMBER: A5-720 FOR LEASE

လုံခြုံစိတ်ချရပြီး ပြည့်စုံကောင်းမွန်တဲ့ အိမ်ခန်းလေးမှာ ငှားရမ်းနေထိုင်ဖို့ ရှာဖွေနေပါသလား?

ငှားရမ်းခအသင့်အတင့်သာပေးရပြီး အသင့်ပြောင်းရွှေ့နေထိုင်နိုင်တဲ့ ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်းက အိမ်ခန်းလေးတွေအကြောင်း မိတ်ဆက်ပေးပါရစေ။ ငှားရမ်းခထဲမှာ Estate Management fees နဲ့ Commercial Tax လည်း အပါအဝင်ဖြစ်တာမို့ ငှားရမ်းခအပြင် ထပ်ပြီး ကုန်ကျစရာမရှိတော့ပါဘူး။ ဒါ့အပြင် ယဉ်ကျေးမှုမတူညီတဲ့ နိုင်ငံအသီးသီးကလာရောက်နေထိုင်ကြတဲ့သူတွေရဲ့ ဖော်ရွေမှုတို့နဲ့အတူ နွေးထွေးလုံခြုံတဲ့ လူနေမှုအသိုက်အဝန်းလေးကို ဒီ ကြယ်စင်မြို့တော်အိမ်ရာဝင်းထဲမှာ ဖန်တီးနိုင်ဦးမှာပါ။ အထူးပရိုမိုရှင်းအနေနဲ့ အကျယ်အဝန်း ၁,၁၈၅ စတုရန်းပေကျယ်ဝန်းတဲ့ အိပ်ခန်း ၃ ခန်းပါ(နှစ်ထပ်) တိုက်ခန်းတွေကို ၂၀၂၀ ခုနှစ်အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ ၃ လနှင့်အထက် ငှားရမ်းမယ်ဆိုရင် ငှားရမ်းခ ၁၀% သက်သာမှာဖြစ်ပါတယ်။



ငှားရမ်းခနဲ့ ပါဝင်တဲ့ Facility တွေကတော့


- တစ်လလျှင် $1600 မှ $2300 ခန့်သာကျသင့်ခြင်း
- ကျယ်ကျယ်ဝန်းဝန်းနဲ့အပန်းဖြေအနားယူနိုင်တဲ့အိပ်ခန်းသုံးခန်းပါ (နှစ်ထပ်)အိမ်ခန်းမှာ နေထိုင်နိုင်ခြင်း
- ကောင်းမွန်တဲ့ အင်တာနက်လိုင်းကို ၂၄ နာရီ ချိတ်ဆက်အသုံးပြုနိုင်ခြင်း
- Sky Net အပါအဝင် အမျိုးအစားစုံလင်တဲ့ TV Channels များကိုကြည့်ရှု အပန်းဖြေနိုင်ခြင်း
- ၂၄ နာရီလုံး လုံခြုံရေးအဖွဲ့မှအလှည့်ကျတာဝန်ယူစောင့်ကြည့်ပေးတာကြောင့် လုံခြုံစိတ်ချမှုအပြည့်အဝရနိုင်ခြင်း
- အိမ်ခန်းများသန့်ရှင်းရေးအတွက် Housekeeping ဝန်ဆောင်မှုရယူနိုင်ခြင်း
- A5 Tower ရှိ သီးသန့်ရေကူးကန်မှာ အချိန်မရွေး ရေကူးရင်း အပန်းဖြေနိုင်ခြင်း
- A5 အိမ်ရာမှာငှားရမ်းနေထိုင်မယ့်လူကြီးမင်းတို့အတွက် သီးသန့်ပြုလုပ်ထားတဲ့ Gym မှာအခမဲ့ ကိုယ်ကြိုက်နှစ်သက်တဲ့အချိန် Gym ဆော့ကစားနိုင်ခြင်း
- အထူးသက်သာတဲ့ စျေးနှုန်းတွေရှိပြီး Professional Trainers တွေလည်းရှိတဲ့ StarCity Link Golf Course မှာ ဂေါက်ရိုက်ပြီးအပန်းဖြေနိုင်ခြင်းတို့ပဲဖြစ်ပါတယ်။

အကယ်၍ လူကြီးမင်းဟာ အလုပ်အရမ်းများသူ၊ နိုင်ငံခြားမှပြန်လာသူ၊ ကြင်စဦး ဇနီးမောင်နှံ ဒါမှမဟုတ် ရန်ကုန်မှာငှားရမ်းနေဖို့အိမ်နေရာရှာနေတဲ့သူ တစ်ယောက်ယောက်ဖြစ်ခဲ့မယ်ဆိုရင် လူကြီးမင်း လိုအပ်တဲ့အရာတွေအကုန်လုံး ကျွန်ုပ်တို့ ကြယ်စင်အိမ်ရာဝင်းအတွင်းရှိ ငှားရမ်းမယ့်အိမ်ခန်းအားလုံးမှာ ပြည့်စုံအောင် ဖြည့်ဆည်းထားပြီးဖြစ်တဲ့အတွက် ရွေးချယ်ဖို့အသင့်တော်ဆုံးပါပဲ။

ဒါကြောင့်မို့လို့ ကောင်းမွန်ပြည့်စုံတဲ့အိမ်ခန်းတစ်ခန်းကိုငှားရမ်းနေထိုင်ဖို့ ရှာဖွေနေတယ်ဆိုရင် ကျွန်ုပ်တို့ StarCity တိုက်ခန်းငှားရမ်းမှုဆိုင်ရာ အကြံပေးအဖွဲ့က လူကြီးမင်းတို့ရဲ့ လိုအပ်ချက်တွေကို နွေးထွေးစွာကူညီဖြည့်ဆည်းပေးဖို့ အသင့်ရှိနေပါတယ်ဆိုတဲ့အကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

အသေးစိတ်ကို starcityrentals@yomaland.com ,
၀၉ ၇၆၅ ၄၄၄ ၆၁၂, ၀၉ ၇၆၅ ၄၄၄ ၅၃၉ တို့မှတဆင့် ဆက်သွယ်မေးမြန်းနိုင်ပါတယ်။







Takeaway & Delivery
Set Menu
小肥羊 火锅餐厅
LITTLE SHEEP HOT POT
DUO
Recommended for 2-3 persons
Silver Set MMK 25,000
Gold Set MMK 39,000
FLOCK
Recommended for 4-5 persons
Silver Set MMK 75,000
Gold Set MMK 99,000
Takeaway Available
From 11 AM To 8 PM
Delivery Available
Order By :
Every Saturday 12 PM
Delivery By :
Every Sunday 11 AM
Sliced Lamb Packages
Mongolian Lamb ( Sliced )
MMK 9,000 200 g
Mongolian Lamb ( Thick-Cut )
MMK 9,000 200 g
Mongolian Lamb Block
MMK 51,000 2.5kg
Call us to order - 09 443 399 701 / 09 443 399 702
Little Sheep Myanmar
littlesheepmyanmar


DULWICH COLLEGE | YANGON |
| STAR CITY CAMPUS |
WE PUT STUDENTS FIRST SO THEY BECOME LEADERS, INNOVATORS, CREATIVE THINKERS, AND ENTREPRENEURS OF TOMORROW.
To find out more about Dulwich College Yangon please call 09 409607479 / 09 966423015 or email admissions@dulwich-yangon.com.mm, or visit yangon.dulwich.org
GRADUATE WORLDWISE.
SHANGHAI | BEIJING | SUZHOU | SEOUL | ZHUHAI | SINGAPORE | YANGON



METRO
ယုံကြည်စိတ်ချစွာဝယ်ယူနိုင်သော အွန်လိုင်းစတိုး
- အရည်အသွေးကောင်းမွန်ခြင်း၊ ဘေးဥပါဒ်ကင်းပြီး ဈေးနှုန်းမှန်ကန်ခြင်း
- စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း စုံလင်စွာရှိခြင်း
- အိမ်အရောက်ပို့ဆောင်ပေးခြင်း
- အသုံးပြုရလွယ်ကူပြီး ဘေးကင်းစွာဖြင့် ဈေးဝယ်နိုင်ခြင်း
စားသုံးသူဖြစ်ရန် မှတ်ပုံတင်ခြင်း
https://metro-wholesale.com/customer-registration
Download on the App Store
GET IT ON Google Play
ပစ္စည်းသယ်ယူပို့ဆောင်ပေးခြင်း
ငွေပေးချေမှုစနစ်
MPU card
Wave Money
Credit card
KBZ Pay
စုံစမ်းမေးမြန်းရန်
METRO's Customer Care Center


F & B OUTLETS
FOOD DELIVERY SERVICES
STARCITY
Gloria Jean's Coffee
09 403 533 952
(8:00 AM - 8:00 PM)
Feel Delight Restaurant
09 401 728 278
(7:00 AM - 9:00 PM)
AT THE 10TH
At the 10th Restaurant & Bar
09 977 233 690
(7:00 AM - 9:00 PM)
Corriander Leaf Indian Restaurant
09 969 684 513
(11:00 AM - 10:30 PM)
Ren Hot Pot Japanese Restaurant
Myanmar, English - 09 261 957 711
Japanese - 09 750 142 723
(11:00 AM - 10:00 PM)
Homeslice
Homeslice Pizza Myanmar
09 977 233 690
(10:00 AM to 9:00 PM)
Stars Tea House Chinese Restaurant
09 429 118 458
(9:00 AM to 9:00 PM)
YKKO Star City
09-977 118 776/777
(10:00 AM to 8:00 PM)
Palm Wine Bar
Palm Wine Bar and Restaurant
09-259 883 865
(11:00 AM to 10:00 PM)
** STAR CITY RESIDENTS ONLY **
STAY AT HOME
Stay safe. Save lives.


STAR CITY LINKS
Yangon
SPORT'S DAY
PROMOTION
30%
DISCOUNT
MONDAY, TUESDAY &
THURSDAY
Valid from 1st August to 31st October 2020
Excluding public holidays | Discount applies to the green fee only
Star City Links Golf Course & Driving Range, Kyaik Khauk Pagoda Road, Thanlyin Township.
Phone: 056-23150 Ext: 1241 Mobile: 09 42385 1101 Email: starcitylinksinfo@yomaland.com


STAR CITY LINKS
YANGON
BE OUR MEMBER,
ENJOY UNLIMITED OFFER
SAVE UP TO
$4160
FOR WEEKDAYS
$6550
FOR WEEKENDS PER YEAR
DIAMOND MEMBERSHIP UNLIMITED PLAYING
EXPERIENCE FOR 1 YEAR
FOREIGNER: $2,500
LOCAL: 3,000,000 MMK
ENQUIRY NOW
09 765 444 581


CITY LOFT
Refer a Friend
&
Get Referral Fee
Exclusively for Star City & City Loft Residents
*Terms & Conditions Apply


STAR CITY LINKS
CITY LOFT
Please show your StarCity Links Member Card to Enjoy up to 15 Lakhs discount on your City Loft Unit Purchase. You can also Refer a Friend and get a Referral Fee of 1% of the Unit Price.
Exclusive Incentive for All StarCity Links Members
Inquire more @ 09-777 22 33 55, 09-777 22 33 66, 09-777 22 33 77

STARCITY

## COVID-19 Preventive Measures

Available Facilities & Services

| Areas | Facilities and Services | Preventive Measures* |
|---|---|---|
| Estate Facilities & Amenities | All Stars Gym | Open with Limited Quantity per entry |
| | A5 Pool | Open with Limited Quantity per entry |
| | Community Centre | Open with Limited Quantity per entry |
| | Community Pool | Open with Limited Quantity per entry |
| | Outdoor Playground | Open with Limited Quantity per entry |
| | A5 Gym | Open with Limited Quantity per entry |
| | All Stars Kids Zone | Open with Limited Quantity per entry |
| | Golf Course / Galaxy Soccer Field / River Park | OPEN |
| Estate Management | Project Works | Reduced workforce |
| | Housekeeping Services | Available with reduced frequency |
| | Repairs and Maintenance | Available only for emergency/urgent repairs |
| | Residents Entry & Exits | Subjected to Temperature and Access Card Check |
| | Securities Services | OPEN |
| | Waste Management Services | OPEN |
| | Water Treatment Services | OPEN |
| | Taxis & Bike Taxis | OPEN |
| | Visitor / Pulic Entry and Exits | Subjected to Temperature and Exchange Visitor Pass |
| | Events and Community Gatherings | Suspended |
| | Fit Out works | Suspended |
| | Shuttle Bus Service | Suspended |
| | New Tenants / New Move-Ins | Open but subjected to travel and health declaration |
| | Drivers and Day Maids | Subjected to Temperature and Access Card Check |
| | Staff Quarters | Restricted movement and Travel Restriction |
| Retail & Offices | Estate Management Office | Reduced workforce |
| | Sales Gallery & Leasing Office | Reduced workforce |
| | Other Offices | Reduced workforce |
| | Retail Outlets & F&B | OPEN Take out and Delivery only |
| | Pun Hlaing Clinic | Open and Doctor On Call Available |
| | Yoma Bank | OPEN |
| | City Mart | OPEN |

*The preventive Measures will be activated from **14th September, 2020.**

Star City Leasing Team would like to wish you a very happy birthday and our warmest wishes for a wonderful year of good health happiness and success

# Happy Birthday To September Born

Mr Yuasa Hiroyasu

Ms Fang Liping

Mr Chetra Morng




STARRESIDENCE

STARCITY

## EMERGENCY HOTLINE (24/7)

# 09 765 444 638

Effective On 1st September, 2020.



# FastGo Taxi

Available Here For You!




AIR CONDITIONED

CLEAN

ON TIME

SAFE

CONVENIENT

*Like & Follow for further information*

https://www.facebook.com/FastGoMyanmarOfficial/

Hot Line : 09 681228888

# အိမ်ရာမှ တာဝန်ရှိသူများနဲ့ တွေ့ဆုံခြင်း



ကိုအောင်ကျော်ဌေးဟာ ၂၀၁၄ ခုနှစ်မှ စတင်ပြီး StarCity မှာ ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့သူ ဖြစ်ပါတယ်။ StarCity ကို မဝင်ရောက်မီ Malaysia နိုင်ငံမှာရှိတဲ့ ဈေးကလက်စက်ရုံ တစ်ခုများ Maintenance Technician အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။

ထို့နောက် ပြည်ပအတွေ့အကြုံ၊ လုပ်ငန်းအတွေ့အကြုံများနှင့်အတူ မြန်မာပြည်သို့ ပြန်လာခဲ့ပြီး StarCity ၏ Repair & Maintenance Department မှာ Assistant Manager ရာထူးနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

အဓိကအားဖြင့် ကိုအောင်ကျော်ဌေးဟာ Sales Gallery၊ ရုံးခန်းများ၊ အိမ်ရာဝင်းအတွင်း လူနေထိုင်ရာ အဆောက်အအုံများနှင့်အတူ ဆိုင်ခန်းများအားလုံးကို စစ်ဆေးခြင်း၊ ပြန်လည်ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတွေမှာကြီးကြပ် တာဝန်ထမ်းဆောင်နေရသူ တစ်ဦး ဖြစ်ပါတယ်။ StarCity အိမ်ရာဝင်းအတွင်းရှိ အဆောက်အအုံများအားလုံးကို အခုလို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်တာကြောင့် ဌာနအနေနဲ့ ဝင်ငွေရ စီးပွားရေး လုပ်ငန်းအဖြစ်သို့ အသွင်ကူးပြောင်းခဲ့ပါတယ်။ Repair and Maintenance အဖွဲ့ရဲ့ အလုပ်ကြိုးစားမှုကြောင့် StarCity အိမ်ရာဟာ (၁၂) နှစ်တာကာလအတွင်း အရည်အသွေးပြည့်မီတဲ့ အိမ်ရာတစ်ခုဖြစ်ခဲ့ပါတယ်။

ကိုအောင်ကျော်ဌေးရဲ့ အလုပ်အပေါ် တာဝန်ကျေပွန်မှုနဲ့ အလုပ်ကြိုးစားမှုကို TED Management က အသိအမှတ်ပြုတဲ့အနေနဲ့ ယခုအပတ်တွင် ဖော်ပြလိုက်ရပါတယ်။ အကယ်၍ တနေရာရာမှာ ကိုအောင်ကျော်ဌေးနဲ့ တွေ့ဆုံခဲ့ရင်လည်း အသိအမှတ်ပြုစကားလေး ပြောပေးကြပါဦးနော်။

**#TEDSpirit #TEDCulture**

# ကြယ်စင်မြို့တော်အိမ်ရာမိသားစု စုပေါင်းအမှိုက်ကောက်ပွဲ



StarCity ရဲ့ အုပ်ချုပ်ရေးတာဝန်ရှိသူများမှ ဦးဆောင်ပြီး နှစ်စဉ်ပြုလုပ်နေကြဖြစ်တဲ့ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ပွဲလေးကို ပြီးခဲ့တဲ့ သောကြာနေ့ ညနေ (၃) နာရီကနေ (၅) နာရီအတွင်း StarCity ရဲ့ Community Sport Field ထဲမှာ ကျင်းပခဲ့ကြပါတယ်။ Face Masks များ၊ လက်အိတ်များ နဲ့ အမှိုက်အိတ်များကိုလည်း ပေးဝေထားပြီး Registration Counter မှာလည်း အပူချိန်တိုင်းစက်ထားရှိပေးထားပါသေးတယ်။ ဒါ့အပြင် Volunteer များ ဘေးကင်းဖို့အတွက် လက်ဆေးဖို့ဘေစင်၊ Face Masks အပိုများနဲ့ လက်သန့်ဆေးရည်လေးတွေလည်း အသင့်ထားရှိပေးခဲ့ပါတယ်။ပါဝင်ပေးကြသူတွေအားလုံးကို Social distancing အလေ့အကျင့်ကိုပြုလုပ်ကြဖို့ အလေးအနက်ထား တိုက်တွန်းခဲ့ပါတယ်။ Volunteer များအားလုံး သက်ဆိုင်ရာနေရာအလိုက်အဖွဲ့ခွဲပြီး StarCity အိမ်ရာဝင်းအတွင်း စနစ်တကျအမှိုက်ကောက်ခြင်းပြုလုပ်ခဲ့ကြပါတယ်။ အမှိုက်ကောက်ပွဲလေးပြီးတဲ့နောက်မှာ အားလုံးကို Royal D အားဖြည့်အချိုရည်ကို ပေးဝေပြီးအမောဖြေစေခဲ့ပါတယ်။ Yoma Group Sustainability မှ ဒေါ်ပိုပိုမင်းက လူတိုင်းသိသင့်လိုက်နာသင့်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ "ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်း" ခေါင်းစဉ်နဲ့ပတ်သက်ပြီး ဗဟုသုတများ မျှဝေဖလှယ်ခဲ့ပါတယ်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းဆိုတာ ပတ်ဝန်းကျင်သာယာလှပဖို့ဆိုတဲ့အဓိပ္ပါယ်ထက် အများကြီး လေးနက်ပါတယ်။ ကျွန်ုပ်တို့နေထိုင်ရှင်သန်နေကြတဲ့ StarCity လူမှုအသိုက်အဝန်းကြီးပိုမို တိုးတက်ကောင်းမွန်ဖို့ ကျွန်ုပ်တို့အားလုံးမှာတာဝန်ကိုယ်စီရှိကြပါတယ်။

#CommunityCleanUpDay #SaveThe-Planet #StaySafe #StarCityOurHome





# ကြယ်စင်မြို့တော်အိမ်ရာ အုပ်ချုပ်သူများမှ ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သတ်၍ ကြိုတင်ကာကွယ် ပြင်ဆင်ထားရှိသော လုပ်ငန်းစဉ်များ




သန်လျင်မြို့နယ်မီးသတ်တပ်ဖွဲ့မှ အများနှင့်ဆိုင်သော
အိမ်ရာဝင်းအနှံ့ ပိုးသတ်ဆေးဖြန်းခြင်း



သန်လျင်မြို့နယ်မီးသတ်တပ်ဖွဲ့မှ အများနှင့်ဆိုင်သော
အိမ်ရာဝင်းအနှံ့ ပိုးသတ်ဆေးဖြန်းခြင်း

#StarCityOurHome



ကိုယ်အပူချိန်တိုင်းတာခြင်းနှင့်
အိမ်ရာဝင်ခွင့်ကဒ်များ စစ်ဆေးခြင်း



အများနှင့်ဆိုင်သောနေရာများတွင်
ပုံမှန်ပိုးသတ်ဆေးဖြန်းခြင်း




ကိုင်တွယ်ထိတွေ့မှုများသော
နေရာများ၌ ပုံမှန်ပိုးသတ်ဆေးဖြန်းခြင်း




သားငါးများ သိုလှောင်ထားနိုင်ရန်အခန်းစီစဉ်ထားခြင်း




ဖျားနာကုဆေးခန်းစီစဉ်ထားခြင်း



သောက်ရေသန့်များသိုလှောင်ထားခြင်း

STARCITY



# Fresh Market is going Online

ENQUIRE NOW! | Residents Only

09 765 444 691
communication@yomaland.com

Star City Sales Gallery
Kyaik Khauk Pagoda Road,
Thanlyin Township,
Yangon, Myanmar.

cityloftsales@yomaland.com
starcitysales@yomaland.com
customercare@yomaland.com

09 777 223355- 77
09 750 229 503
Tel : 056 23150 – 3,
Extension- 1112/1119

## KEY CONTACTS

**ESTATE MANAGEMENT OFFICE**
Mobile: 09 765 444 536 (Zone A, B)
Mobile: 09 765 444 637 (Galaxy)
Mobile: 09 765 444 683 (City Loft)
Email: em-galaxy@yomaland.com
Email: em-cityloft@yomaland.com

**RENTAL & COMMERCIAL LEASING OFFICE**
Mobile: 09 765 444 612
Mobile: 09 765 444 539
Email: starcityrentals@yomaland.com

**STAR CITY LINKS GOLF COURSE & DRIVING RANGE**
Phone: 056-23150 Ext: 1241
Mobile: 09 42385 1101
Email: starcitylinksinfo@yomaland.com

**SECURITY HELP DESK**
Hotline: 09 699 872 699
Email: security@yomaland.com

**A5 MANAGEMENT OFFICE**
Phone: 056-23150 Ext: 1198, 1199
Email: a5-management@yomaland.com

**COMMUNITY POOL**
Phone: 056-23150 Ext: 1260
Email: recreation@yomaland.com

**ALL STARS FITNESS**
Phone: 056-23150 Ext: 1194
Email: recreation@yomaland.com

**ALL STARS KIDS**
Phone: 056-23150 Ext: 1220
Email: recreation@yomaland.com

**ALL STARS POOL (A5)**
Phone: 056-23150 Ext: 1225
Email: recreation@yomaland.com

**PUN HLAING CLINIC**
Phone: 056-23150 ext 1270, 1271
Mobile: 09 4495 23534
Email: htetaunghlaing@phsh.com.mm

**HOUSE KEEPING DEPARTMENT**
Phone: 056-23150 Ext: 1227, 1124
Email: emhousekeeping@yomaland.com

**RESALE OFFICE**
Phone: 056-23150 ext: 1118, 1151
Mobile: 09-420018869, 09-409796759
Email: kyikyi.hlaing@yomaland.com